
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ဒါဝိဒ် နှင့် ရှောလု 4.05

## ဓမ္မရာဇဝင်ပဌမစာစောင် ၁၆၊ ၁၇ နှင့် ၁၈

ယေရှဲရဲ့သား ဒါဝိဒ်ဟာ ဣသရေလရဲ့နောက်ရှင်ဘုရင်တစ်ပါးဖြစ်လာဖို့ ဘုရားသခင်က ရွေးချယ်ခံရတဲ့လူဖြစ်တယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဟာ ဒါဝိဒ်အပေါ်ဆင်းသင်ပြီး သူ့ဆီကနေ ဘယ်တော့မှာ ထွက်မသွားခဲ့ဘူး။ ဒါဝိဒ်ဟာ ဘုရားသခင်ရဲ့ တန်ခိုးတော်အမြဲရှိပြီး ဘုရားသခင်က သူနဲ့အတူအမြဲရှိတယ်။ ဒါပေမယ့် ဒါဝိဒ်ဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ နောက်ရှင်ဘုရင်တစ်ပါးဖြစ်လာမယ်ဆိုပေမယ့် သူ့အဖေရဲ့တိရစ္ဆာန်တွေကို ဆက်လက်ကြည့်ရှုစောင့်ရှောက်နေတုန်းပဲ။

ဒါဝိဒ်အပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော်က ဆင်းသက်တဲ့အချိန်မှာ ရှောလုဆီကနေထွက်သွားခဲ့ပြီဖြစ်တယ်။ ဝမ်းနည်းပြီး ပူဆွေးသောကရောက်နေတဲ့ ဝိညာဉ်က ရှောလုဆီရောက်လာတယ်။ သူ့ရဲ့နှလုံးသားထဲမှာ ကြောက်ရွံ့မှုရှိလာပြီး ပူပင်လာတယ်။ ရှောလုရဲ့ အစေအပါးတစ်ချို့က သူ့ဆီလာပြီး သူ့အတွက် ဂီတတီးပေးဖို့ ဂီတပညာရှင်တစ်ယောက် လိုတဲ့အကြောင်း၊ နောက်ပြီး ဂီတဟာ သူ့ရဲ့ ဝမ်းနည်းတဲ့ဝိညာဉ်ကို နှစ်သိမ့်ပေးမှာဖြစ်ကြောင်းကို ရှောလုကို ပြောကြတယ်။ “ကျွန်ုပ်တို့ စောင်းတီးတတ်တဲ့ဂီတပညာရှင်ကို ရှာဖွေ ပေးပါမယ်” လို့ သူတို့ပြောကြတယ်။ “ဒီဝမ်းနည်းတဲ့ဝိညာဉ်က အနှောင့်ယှက်ပေးပြီး ကြောက်စေတဲ့အချိန်တိုင်းမှာ၊ ဒီဂီတပညာရှင်က ဂီတတီးရင် စိတ်ချမ်းသာရာရပြီး ပြန်ကောင်းလာမယ်။” လို့ပြောကြတယ်။

အစေအပါးတစ်ယောက်က “ကျွန်တော်တွေ့ဘူးတဲ့ ဗက်လင်မြို့သားယေရှဲသားဟာ စောင်းတီးတဲ့အတတ်၊ ရဲရင့် ခြင်း အစွမ်းသတ္တိနဲ့ ပြည့်စုံပြီး ထာဝရဘုရားဟာသူနဲ့အတူရှိတော်မူတယ်” လို့ ပြောပြတယ်။ ရှောလုက သူ့ရဲ့လူတွေကို ယေရှဲကိုသွားတွေ့ဖို့ စေလွှတ်လိုက် တယ်။ “စောင်းတီးတတ်တဲ့ သင့်ရဲ့သား ဒါဝိဒ်ကို စေလွှတ်ပါ” လို့ ရှောလုပြောတယ်။ ဒါဝိဒ်က ရှောလုဆီသွားပြီး သူ့ဆီမှာ အမှုထမ်း တယ်။ ဝမ်းနည်းတဲ့ဝိညာဉ်က ရှောလုကို အနှောင့်ယှက်ပေးတဲ့ အချိန်တိုင်းမှာ၊ ဒါဝိဒ်က စောင်းတီးတယ်။ အဲ့အချိန်မှာ ဝိညာဉ်ဆိုးက ထွက်သွားပြီး ရှောလုဟာ ပြန်လည်ကျန်းမာသက်သာသွားတယ်။

နောက်ပိုင်းမှာ ရှောလုဟာ ယေရှဲဆီကို စာပို့ပြီး “ကျေးဇူးပြု၍ ဒါဝိဒ်ကို ဆက်လက်အမှုထမ်းစေပါ။ သူဟာ ကျွန်ုပ်စိတ်တော်နဲ့ တွေ့ စေတယ်” လို့ပြောတယ်။ ဒါဝိဒ်ဟာ ရှောလုနဲ့ဆက်လက်နေဖို့ သဘောတူခဲ့တယ်။ မကြာခင်မှာပဲ ရှောလုရဲ့သား ယောနသန်ကို တွေ့ခဲ့ တယ်။ သူတို့နှစ်ယောက်ဟာ ချက်ချင်းပဲ အချစ်ဆုံးသူငယ်ချင်းတွေဖြစ်သွားကြတယ်။ ယောနသန်ဟာ ဒါဝိဒ်ကို သူ့ရဲ့ ဝတ်ရုံတော်၊ လေး၊ ဓါး နဲ့ ခါးစည်းကို ပေးတယ်။ ဒီလက်ဆောင်တွေဟာ သူတို့ရဲ့ခင်မင်ရင်းနှီးမှုဟာ ကြာရှည်ခံတဲ့အရာတစ်ခုဖြစ်တယ်ဆိုတာကို သက်သေ ပြတာပဲဖြစ်တယ်။ ဒါဝိဒ်ကို အမြဲတမ်းချစ်မယ်လို့ ယောနသန်က ဆုံးဖြတ်လိုက်တယ်။ ဒါဝိဒ်ကလည်း ယောနသန်ကိုချစ်တယ်။ ဒါဟာ သူငယ်ချင်းတွေအကြားမှာ ရှိသင့်တဲ့ ခင်မင်ရင်းနှီးမှုပဲ ဖြစ်တယ်။

ဒါဝိဒ်ဟာ သန်မာပြီး ဘုရားသခင်ကို ယုံကြည်ခဲ့တယ်။ ဣသရေလလူတွေဟာ ဂေါလျတ်လို့ခေါ်တဲ့ ရှောမလူ့ဘီလူးကြီး တစ်ယောက် ရှိတဲ့ဖိလိတ္တိလူတွေနဲ့တိုက်ပွဲဖြစ်နေတဲ့အချိန်မှာ ဒါဝိဒ်ဟာ ဘုရင်ရှောလုဆီသွားပြီး ရှောမလူ့ဘီလူးကြီးကို ထာဝရဘုရားရဲ့တန်ခိုးတော်နဲ့ သတ်နိုင်တယ်လို့ ပြောတယ်။ ရှောလုက ဒါဝိဒ်ကို သွားတိုက်ခိုက်ဖို့ ခွင့်ပြုလိုက်တယ်။ ရှောလုက “ထာဝရဘုရား သင်နှင့်အတူရှိတော် မူပါစေသော” လို့ပြောလိုက်တယ်။ ဒါဝိဒ်ဟာ လောက်လွှဲနဲ့ ကျောက်အနည်းငယ်ကို သုံးပြီး ဂေါလျတ်ကို သတ်နိုင်ခဲ့တယ်။

တိုက်ပွဲပြီးတဲ့အချိန်မှာ ဣသရေလတပ်ကအောင်ပွဲခံပြီး အိမ်ပြန်လာတဲ့အချိန်မှာ၊ မြို့ထဲမှာရှိတဲ့အမျိုးသမီးတွေ အကုန်လုံးက ရှင်ဘုရင် ရှောလုကိုတွေ့ဖို့ထွက်လာကြတယ်။ သူတို့ဟာ ပျော်ရွှင်ဝမ်းမြောက်ပြီး ကခြေ၊ သီချင်းဆိုကြတယ်။ သူတို့ဟာ ပတ်သာနဲ့ လင်းကွင်း တွေကို တီးကြတယ်။ “ရှောလုဟာ လူအထောင်ထောင်ကို သတ်ခဲ့တယ်။ ဒါပေမယ့် ဒါဝိဒ်ဟာ လူအသောင်းသောင်းကို သတ်ခဲ့တယ်” လို့ သီချင်းဆိုကြတယ်။

အဲဒါကြားတော့ ရှောလုဟာအရမ်းစိတ်ဆိုးသွားတယ်။ ဒါဝိဒ်ဟာ လူအများရဲ့အာရုံစိုက်မှု နဲ့ ချီးမွမ်းစကားကို ခံရတဲ့ အတွက် ဒါဝိဒ်အပေါ် မနာလို ဖြစ်လာတယ်။ လူတွေက ဒါဝိဒ်ကို သူတို့ရဲ့ရှင်ဘုရင်ဖြစ်စေချင်ကြမှာပဲလို့ ရှောလုတွေးတယ်။ နောက်တစ်ရက်မှာ ဆိုးတဲ့ ဝိညာဉ် က ရှောလုကို အနှောင့်ယှက်ပေးဖို့လာတယ်။ သူဟာ သူရူးတစ်ယောက်လိုဖြစ်လာတယ်။ ဒါဝိဒ်ဟာ နေ့တိုင်းစောင်းတီးပေးခဲ့သလိုပဲ သူ့အတွက် စောင်းတီးဖို့စလုပ်နေတဲ့ အချိန်မှာ ရှောလုက ဒါဝိဒ်ကို လှံတိုနဲ့ပစ်လိုက်တယ်။ဒါပေမယ့် ဒါဝိဒ်ထွက်ပြေးလွတ်မြောက်ခဲ့ တယ်။ ထာဝရဘုရားဟာ ဒါဝိဒ်နဲ့အတူရှိနေတယ်ဆိုတာကို ရှောလု သိလိုက်တယ်။ ရှောလုက ဒါဝိဒ်ကို သူ့ရဲ့အိမ်ကနေထုတ်ပြီး လူတစ် ထောင်ကို အုပ်ချုပ်တဲ့ အုပ်ချုပ်သူအရာရှိ ဖြစ်စေတယ်။

ထာဝရဘုရားက ဒါဝိဒ်နဲ့အတူရှိတဲ့အတွက် ဒါဝိဒ်လုပ်တဲ့အမှုအရာတိုင်းဟာ ဆက်လက်အောင်မြင်နေတုန်းပဲ။ ဒါကြောင့် ရှောလုက ဒါဝိဒ်ကို ပိုပြီးကြောက်ရွံ့လာတယ်။ နောက်ပြီး တပ်ကိုအောင်မြင်စွာ ဦးဆောင်နိုင်တဲ့အတွက် ဣသရေလမှာရှိတဲ့လူတိုင်းဟာ ဒါဝိဒ်ကို ချစ်ခင်ကြတယ်။ ဒါဝိဒ်ဟာ ရှောလုကို အမြဲတမ်း ရိုသေပြီးလေးစားစွာ အမှုထမ်းပေမယ့် ရှောလုဟာ ဒါဝိဒ်ကို မယုံကြည်တော့ဘူး။ ဒါဟာ သူတို့နှစ်ယောက်ကြားမှာ ရှိတဲ့အေးချမ်းမှုကုန်ဆုံးသွားတဲ့အချိန် ဖြစ်တယ်။

# ဒါဝိဒ် နှင့် ပေါလု - ဆရာလမ်းညွှန် 4.05

## ဓမ္မရာဇဝင်ပဌမစာစောင် ၁၆၊ ၁၇ နှင့် ၁၈

1) ရှမွေလက ဒါဝိဒ်ဟာ ဘုရင်ဖြစ်လာမယ်ဆိုတာကို ဒါဝိဒ်ကိုပြောပြတယ်။ သန့်ရှင်းသောဝိညာဥ်တော်ဟာ ဒါဝိဒ်အပေါ် ဆင်းသက်ပြီး သူ့ကို တန်ခိုးနဲ့ဘုရားရှင်ရဲ့မျက်မှောက်တော်ကိုပေးတယ်။

2) ဘုရားရှင်ရဲ့ဝိညာဥ်တန်ခိုးဟာ ဒါဝိဒ်အပေါ်ဆင်းသက်တဲ့အချိန်မှာ ရှောလုဆီကနေထွက်ခွာသွားပြီဖြစ်တယ်။ ရှောလု ဟာ ဝမ်းနည်းပြီးပူဆွေးနေတဲ့ဝိညာဥ်ရဲ့နှောင့်ယှက်မှုကိုခံရတယ်။ သူ့ရဲ့အစေအပါးတွေက စောင်းတီးတတ်တဲ့ ယေရှဲရဲ့သား ဒါဝိဒ်အကြောင်း သူ့ကို ပြောပြတယ်။

3) ဒါဝိဒ်ဟာ ရှင်ဘုရင် ရှောလုနဲ့လာနေတယ်။ နှောင့်ယှက်တတ်တဲ့ဝိညာဥ်က ဘုရင်အပေါ်လာတဲ့အချိန်မှာ ဒါဝိဒ်စောင်းတီးရင် ရှင်ဘုရင် ရှောလုဟာ ပြန်လည်ကျန်းမာလာတယ်။

4) ဒါဝိဒ်ဟာ ဧရာမလူ့ဘီလူးကြီး ဂေါလျတ်ကို သတ်ပြီးနောက်ပိုင်းမှာ ဣသရေလလူတွေဟာ ဖိလိတ္တိနဲ့ဖြစ်တဲ့တိုက်ပွဲကို အနိုင်ရခဲ့တယ်။ ဒါဝိဒ်ဟာ ရှင်ဘုရင်ရှောလုထက် ချီးမွမ်းခြင်းပိုခံရတယ်။ ရှောလုကစိတ်ဆိုးလာတယ်။ ရှောလုဆီကို ဆိုးတဲ့ဝိညာဥ်လာတဲ့အချိန်မှာ ရှောလုက ဒါဝိဒ်ကို လှံတိုနဲ့ပစ်တယ်။ ဒါပေမယ့် ဒါဝိဒ်ထွက်ပြေးလွတ်မြောက်သွားတယ်။

5) ထာဝရဘုရားရဲ့တန်ခိုးတော်က ဒါဝိဒ်နဲ့အတူရှိတယ်ဆိုတာကို ရှောလုသိတဲ့အတွက်ကြောင့် ဒါဝိဒ်ကို ရှင်ဘုရင်ရှောလု က ပိုမိုကြောက်ရွံ့လာတယ်။ တပ်ကိုအောင်မြင်စွာဦးဆောင်နိုင်တဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် ဣသရေလမှာရှိတဲ့လူတွေ အားလုံးက ဒါဝိဒ်ကို ချစ်ကြတယ်။ ရှင်ဘုရင်ရှောလုဟာ ဒါဝိဒ်အပေါ်မှာယုံကြည်မှုမရှိတော့ဘူး။

မေးခွန်းများ

1) သန့်ရှင်းသောဝိညာဥ်တော်က ဒါဝိဒ်အပေါ်ဆင်းသက်တဲ့အချိန်မှာ ရှင်ဘုရင်ရှောလုဘာဖြစ်သွားလဲ?
2) ဝမ်းနည်းပူဆွေးတဲ့ဝိညာဥ်ရဲ့နှောင့်ယှက်မှုကိုရှောလုခံနေရတဲ့အချိန်မှာ ရှင်ဘုရင်ရှောလုရဲ့အစေခံတွေကဘာအကြံဥာဏ်ပေးခဲ့လဲ?
3) ဒါဝိဒ်ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်လာမယ့် ဘယ်သူ့ကို ဒါဝိဒ်တွေ့ခဲ့လဲ?
4) ဒါဝိဒ်က ဧရာမလူ့ဘီလူးကြီးကို သတ်ပြီး ဣသရေလလူတွေဟာ ဖိလိတ္တိလူတွေနဲ့တိုက်တဲ့တိုက်ပွဲကို အနိုင်ရခဲ့ပြီးနောက်ပိုင်းမှာ ဘာဖြစ်ခဲ့လဲ?
5) ဒါဝိဒ်ကို ရှောလုကကြိုးစားပြီးဘာလုပ်ခဲ့လဲ?
6) ရှောလုရဲ့နှလုံးသားထဲမှာ ဘာပြောင်းလဲသွားခဲ့လဲ?

အဖြေများ

1) သန့်ရှင်းသောဝိညာဥ်တော်က ဒါဝိဒ်အပေါ်ဆင်းသက်တဲ့အချိန်မှာ ရှောလုဆီကနေထွက်သွားခဲ့တယ်။
2) ရှင်ဘုရင်ရှောလုရဲ့အစေခံတွေကသူ့အတွက်စောင်းတီးပေးပြီးသူ့ဝိညာဥ်ကိုချမ်းသာပေးမယ့်ဒါဝိဒ်ကိုခေါ်ဖို့အကြံဥာဏ်ပေးခဲ့တယ်။
3) ဒါဝိဒ်ဟာ ရှင်ဘုရင်ရှောလုရဲ့သား ယောနသန်ကို တွေ့ခဲ့တယ်။
4) တိုက်ပွဲအောင်မြင်ပြီးနောက်ပိုင်းမှာ ဒါဝိဒ်ဟာ ရှင်ဘုရင်ရှောလုထက် ချီးမွမ်းတာ ပိုခံရတယ်။
5) ရှောလုဟာ ဒါဝိဒ်ကို လှံတိုနဲ့ပစ်ပြီးသတ်ဖို့ ကြိုးစားခဲ့တယ်။
6) ရှင်ဘုရင်ရှောလုရဲ့နှလုံးသားဟာ ဒါဝိဒ်ကို ကြောက်ရွံ့လာတယ်။ ရှောလုဟာ သူ့ကို ယုံကြည်မှုမရှိတော့ဘူး။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org